Australian Government

Job Services Australia
people • skills • jobs

# လုပ်ငန်းငယ်တစ်ခုတည်ထောင်ရန် ပံ့ပိုးမှု - လုပ်ငန်းသစ်တည်ရန်အတွက် မက်လုံးပေးသည့် အစီအစဉ်

**ထောက်ပံ့ကြေးရနိုင်ရန် လိုအပ်ချက်ပြည့်မီသူများထဲမှ လုပ်ငန်းငယ်တစ်ခုတည်ထောင်ပြီး စတင်ရောင်းဝယ်ရန် စိတ်ဝင်စား သူများသည် လုပ်ငန်းသစ်တည်ထောင်ရန် မက်လုံးပေးသည့် စီမံကိန်း (New Enterprise Incentive Scheme) (NEIS) အရ ကူညီထောက်ပံ့မှု ရနိုင်သည်။**

NEIS က အကူအညီရရန် လိုအပ်ချက်ပြည့်မီသော အလုပ်ရှာဖွေသူများကို လုပ်ငန်းငယ်နှင့်ပတ်သက်သောသင်တန်း၊ လုပ်ငန်းဆိုင်ရာ အကြံဉာဏ်ပေးခြင်းနှင့် အတွေ့အကြုံအရ အကြံပေးခြင်းတို့အပြင် ဝင်ငွေဆိုင်ရာ ထောက်ပံ့ကြေးကိုလည်း ၅၂ ပါတ်အထိ ဆက်လက်ပေးသည်။

သင်၏ NEIS ဝန်ဆောင်မှုပေးသူက သင် လုပ်ငန်း အသေးစိတ် လည်ပတ်လုပ်ဆောင်ခြင်း (Micro-Business Operations) ဆိုင်ရာ Certificate III လက်မှတ် သို့မဟုတ် လုပ်ငန်းငယ် စီမံခန့်ခွဲမှု (Small Business Management) ဆိုင်ရာ Certificate IV လက်မှတ်၊ မည်သည်ကို ရယူရမည်ကို ဆုံးဖြတ်ရန် အကူအညီပေးလိမ့်မည်။ ၎င်းမှာ သင်မည်သည့် လုပ်ငန်းငယ် အမျိုးအစားအတွက် စီစဉ်နေသည် ဆိုသည့်အပေါ် မူတည်ပါသည်။ သင်တန်းတက်နေစဉ်ကာလအတွင်း သင့် NEIS ဝန်ဆောင်မှုပေးသူ၏ အတည်ပြုချက် လိုအပ်သော စီးပွားရေးလုပ်ငန်းဆိုင်ရာ ရှေ့လုပ်ငန်း အစီအစဉ်ကို ရေးဆွဲရပါမည်။

အကယ်၍သင်၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ ရှေ့လုပ်ငန်း အစီအစဉ်ကို အတည်ပြုပြီးဆိုပါက အောက်ဖော်ပြပါ NEIS ဝန်ဆောင်မှုကို သင်ရရှိပါမည်။

- ၅၂ ပါတ်ကြာသည်အထိ NEIS ဝန်ဆောင်မှု၊
- ၂၆ ပါတ်ကြာသည်အထိ (ရရန်လိုအပ်ချက်များ ပြည့်မီလျှင်) NEIS အိမ်ငှားစရိတ် ထောက်ပံ့ကြေး၊
- လုပ်ငန်းစတင်လည်ပတ်သည့် ပထမနှစ်အတွင်း လုပ်ငန်းဆိုင်ရာ အတွေ့အကြုံအရ အကြံပေးခြင်းနှင့် အားပေးကူညီမှု၊

မှတ်ချက် - မသန်မစွမ်းသူ အထောက်အပံ့ပင်စင် (Disability Support Pension), ပြုစုစောင့်ရှောက်သူ လုပ်အားခပေးငွေ (Carers Payment), ကလေးငယ်ရှိသော မိဘများကိုပေးသည့် ထောက်ပံ့ကြေး (အိမ်ထောင်ဘက်နှင့် ကွဲနေသူ) (Parenting Payment) (Single) နှင့် အချို့သော စစ်မှုထမ်းဟောင်းများ ဆိုင်ရာဌာန (Department of Veterans' Affairs) ပင်စင်များကို ရရှိနေသူများမှာ NEIS နှင့် ဆောင်ရွက်နေစဉ်ကာလအတွင်း မိမိတို့ရရှိနေသော ပင်စင်များနှင့် ဆက်လက်နေလိုက နေနိုင်ပါသည်။

## မည်သူတွေ ပါဝင်ဆောင်ရွက်နိုင်သလဲ?

NEIS အစီအစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် သင်သည် ဩစတြေးလျားနိုင်ငံ အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှု (Job Services Australia) ၏ ဝန်ဆောင်မှုပေးသူထံတွင် စာရင်းသွင်း မှတ်ပုံတင်ထားရန် လိုအပ်ပါသည်။ သင့်ဝန်ဆောင်မှုပေးသူက သင်ပါဝင်နိုင်ရန် လိုအပ်ချက်ပြည့်မီ၊ မမီ ပြောပြနိုင်ပါမည်။ သင်သည် ဖော်ပြပါအချက်များ အားလုံးနှင့်ကိုက်ညီရမည် -

- NEIS ပံ့ပိုးမှု စတင်ရရှိချိန်တွင် အနည်းဆုံးအသက် ၁၈ နှစ်ပြည့်ပြီးဖြစ်ရမည်၊
- သင် အဆိုပြုထားသော NEIS စီးပွားရေးလုပ်ငန်း* တွင် ပါဝင်ဆောင်ရွက်ရေးအတွက် လိုအပ်သော သင်တန်း တက်ရန်နှင့် အချိန်ပြည့် အလုပ်လုပ်ရန် အဆင်သင့်ဖြစ်ခြင်း၊
- ဒေဝါလီခံထားပြီး အကြွေးများလည်း ဆက်ပေးနေရသူ မဖြစ်စေရ၊
- အလားတူ စီးပွားရေးလုပ်ငန်းတစ်ခုအတွက် NEIS ပံ့ပိုးမှု ရနေခြင်း မဖြစ်စေရ၊
- ပြီးခဲ့သောနှစ်နှစ်တာ ကာလအတွင်း NEIS ပံ့ပိုးမှု ရနေခြင်း မဖြစ်စေရ၊

* လူတစ်ဦးသည် အလုပ်ကို အတိုင်းအတာတစ်ခုသာ လုပ်ဆောင်နိုင်သည်ဟု စိစစ်အကဲဖြတ်ထားခြင်းခံရလျှင်၊ သို့မဟုတ် အလုပ်ပါဝင်ဆောင်ရွက်ရန် အချိန်လျှော့ထားပေးခံရသူဖြစ်လျှင်၊ သို့မဟုတ် အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုအဖွဲ့များတွင် စေတနာ့ဝန်ထမ်း လုပ်ပေးနေသူများဖြစ်လျှင် ထိုသူကို ခွင့်ပြုထားသည့် အလုပ်ချိန် လျှော့သည့်အတိုင်း ဖြစ်စေရမည်။

ထို့အပြင် သင်၏ NEIS စီးပွားရေး လုပ်ငန်းမှာလည်း

- လက်ရှိ ကုန်စည်ကူးသန်း ရောင်းဝယ်လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းမဖြစ်စေရ၊
- မှီခိုမှုကင်းပြီး အများပြည်သူ၏ စစ်ဆေးမှုကိုခံနိုင်ရမည်၊ တရားဥပဒေနှင့်အညီ လုပ်ကိုင်ရမည်၊
- NEIS ဝန်ဆောင်မှုပေးသူက စီးပွားရေးအရ တွက်ချေကိုက်သည်ဟု စိစစ်အကဲဖြတ်ခြင်း ဖြစ်ရမည်၊
- လက်ရှိ လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းတစ်ခုကို ဝယ်ယူခြင်း၊ လက်လွှဲပြောင်းခြင်းမဖြစ်စေရ၊
- မိမိ၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုမှာ ဝယ်လိုအားအလွန်များနေကြောင်း အထောက်အထား ပြနိုင်လျှင်ဖြစ်စေ၊ သို့မဟုတ် ထိုကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို နည်းလမ်းအသစ်ဖြင့် ထုတ်ဖော်ပေးမည်ဆိုလျှင်ဖြစ်စေ၊ ထိုအချက် နှစ်ခုမှလွဲလျှင် လက်ရှိလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများနှင့် ပြိုင်ဆိုင်ခြင်းမဖြစ်စေရ၊
- လုပ်ငန်းတည်ထောင်ခြင်း၊ အခြေချခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းမှာ ဩစတြေးလျားနိုင်ငံအတွင်းသာ ဖြစ်စေရမည်၊
- သူတစ်ပါးနှင့်စာလျှင် အခွင့်မသာသော အလုပ်ရှာဖွေသူများ၏ ကျွမ်းကျင်မှုလိုအပ်သည့် အလုပ်အမျိုးအစားများနှင့် ပတ်သက်ရာ နေရာမျိုးဖြစ်ရမည်၊

## သင်၏ တာဝန်ဝတ္တရားများ

သင့်အနေနှင့် သင်၏ NEIS စီးပွားရေးလုပ်ငန်းကို သင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ရှေ့လုပ်ငန်း အစီအစဉ်အတိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး သင့် NEIS ပါဝင်ဆောင်ရွက်သူ သဘောတူညီချက် (Participant Agreement) တွင်ပါရှိသော သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။ အကယ်၍သင်သည် အကြောင်းတစ်ခုခုကြောင့် သင် လုပ်ဆောင်နေသော စံနစ်ကို ပြောင်းလဲမှုလုပ်လိုလျှင် (ဥပမာ၊ အလုပ်တည်နေရာပြောင်းခြင်း၊ သို့မဟုတ် အလုပ်ချိန်နာရီပြောင်းခြင်း) သင် တစ်စုံတစ်ရာ မပြုလုပ်မီ သင်၏ NEIS ဝန်ဆောင်မှုပေးသူနှင့် ရှေးဦးစွာဆွေးနွေးပါ။ အကယ်၍ သင်သည် အတည်ပြုချက်မရဘဲ လုပ်ငန်းဆောင်ရွက်သည့် စံနစ်များ ပြောင်းလဲသည်ဆိုပါက သင်၏ NEIS ဆိုင်ရာ ထောက်ပံ့ကြေးပေးခြင်းကို ခေတ္တ ရပ်ဆိုင်းထားလိမ့်မည်။

1FS09446JSA/burmese

# သင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များလုံခြုံမှု

သင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို *ကိုယ်ရေးကိုယ်တာအချက်အလက်များ လုံခြုံမှု အက် ဥပဒေ ၁၉၈၈ (Privacy Act 1988)* ဖြင့် အကာအကွယ်ပေးထားပြီး သင့်အကြောင်းကိုလည်း *လူမှုဖူလုံရေးဆိုင်ရာ (အုပ်ချုပ်မှု) ဥပဒေ ၁၉၉၉ (Social Security (Administration) Act 1999 )* ဖြင့် ကာကွယ်ထားနိုင်ပါသည်။ (ဥပမာ၊ သင် ထောက်ပံ့ကြေးရနေ၊ မနေ)။ သင်နှင့်ဆိုင်သော အချက်အလက်များကို သင့်လိုအပ်ချက်များအား အဖွဲ့အစည်းများမှ အသင့်တော်ဆုံး ဖြည့်ဆီးပေးနိုင်ရန်အတွက် NEIS ဝန်ဆောင်မှုပေးသူများ၊ Job Services Australia ဝန်ဆောင်မှုပေးသူများ၊ ပညာရေး၊ အလုပ်အကိုင်နှင့် လုပ်ငန်းခွင် ဆက်ဆံရေးဆိုင်ရာဌာန (Department of Education, Employment and Workplace Relations) (DEEWR), Centrelink နှင့် အခြားသော ဩစတြေးလျားနိုင်ငံ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် အချက်အလက်များ ဖလှယ် အသုံးပြုနိုင်သည်။

သင့်ကိုယ်ရေးကိုယ်တာ အချက်အလက်များ လုံခြုံမှုနှင့်ပတ်သက်ပြီး ပိုမိုသိလိုပါက သင်၏ NEIS ဝန်ဆောင်မှုပေးသူ၊ Job Services Australia ဝန်ဆောင်မှုပေးသူ သို့မဟုတ် DEEWR ကိုမေးပါ။ သို့မဟုတ် **privacy.gov.au** တွင် ဖတ်ကြည့်ပါ။

# ကျွန်ုပ်တို့၏ ဝန်ဆောင်မှုအတွက် အာမခံခြင်း

## ဝန်ဆောင်မှုအတွက် အာမခံခြင်း

သင့်အနေနှင့်သင်၏ NEIS ဝန်ဆောင်မှုပေးသူများက ပံ့ပိုးသော NEIS ဝန်ဆောင်မှုကို သင် စီးပွားရေးလုပ်ငန်း စတင်လုပ်ဆောင်သည့် ပထမဆုံးသော၁၂ လအတွက် ရရှိမည်။ ဤဝန်ဆောင်မှုများသည် သင့်အတွက် အရေးကြီးနိုင် ပါသည်။ ဝန်ဆောင်မှုဆိုင်ရာ အာမခံခြင်းများ အားလုံးကို သင့်အနေနှင့် ဖတ်ကြည့်လိုပါက **deewr.gov.au/jobservicesaustralia** တွင် ကြည့်ပါ။

## လုပ်ငန်းဆိုင်ရာကျင့်ဝတ်

NEIS ဝန်ဆောင်မှုပေးသူများသည် ဩစတြေးလျားနိုင်ငံ အစိုးရက ထောက်ပံ့သည့် NEIS ဝန်ဆောင်မှုများ ပေးရန် အတွက် စာချုပ် ချုပ်ဆိုထားသူများဖြစ်ကြပြီး အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုများ၏ လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များ Employment Services Code of Practice ကို လိုက်နာကျင့်သုံးရန် တာဝန်ရှိကြသည်။ လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များအကြောင်း ဖတ်ကြည့်လိုပါက **deewr.gov.au/jobservicesaustralia** တွင် ဖတ်ပါ။

# ပိုမိုသိလိုပါက

**13 17 64** ကို ဆက်သွယ်ပါ၊ သို့မဟုတ်
**deewr.gov.au/jobservicesaustralia** တွင် ဖတ်ကြည့်ပါ။